## အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခြင်းအကြောင်းသိကောင်းစရာများ

၁။ ကုမ္ပဏီလုပ်ငန်းရှင်အခွန်ထမ်းပြည်သူများအနေဖြင့် လုပ်ငန်းတည်နေရာ ပြောင်းလဲခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊ လုပ်ငန်းပမာဏပြောင်းလဲခြင်းတို့ကြောင့် အခွန်ရုံး ပြောင်းလဲစည်းကြပ်ခံယူရခြင်းများ ပေါ်ပေါက်နိုင်ပါသည်။

၂။ **လက်ရှိအခွန်ထမ်းဆောင်လျက်ရှိသော အခွန်ထမ်း**ဖြစ်ပါက မိမိပြောင်းလဲစည်းကြပ်မှုခံယူလိုသည့် စည်းကြပ်နှစ်မတိုင်မီ တစ်လကြိုတင်၍ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (Centralized Taxpayer Service Unit–CTSU)တွင် လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ **အခွန်ထမ်းမှတ်ပုံတင်အသစ်လျှောက်ထားသူ**ဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTSU)မှ အခွန်ထမ်းဆောင်ရမည့်ရုံးအား သတ်မှတ်ပြန်ကြားသည့်နေ့မှ တစ်လအတွင်း အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(CTSU)တွင် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်ထားရာတွင် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်လွှာနှင့် မည်သည့်အတွက်ကြောင့် ပြောင်းလဲစည်းကြပ်မှုခံယူလိုကြောင်း ခိုင်လုံသော အကြောင်းပြချက် အပြည့်အစုံတို့ကို တင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ အခွန်ရုံးပြောင်းလဲစည်းကြပ်မှုခံယူခွင့်ပြုပါရန် လျှောက်လွှာပုံစံကို www.ird.gov.mm တွင် ရယူနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**